
မောင်စိန်ဝင်း
ပုတီးကုန်း
ခပ်စိမ်းစိမ်း
နေပါ့မယ်

# ခပ်စိမ်းစိမ်း နေပဲ့ါမယ်

သံယောဇဉ် အမျှင်တန်းကို
ရှင်ခန်းဘယ်သူ ဖြတ်နိုင်ပဲ့ါ
ပူတတ်သူ တစ်သက်လွမ်းရော့လို့
လက်ကမ်းကာ ဝေဒနာမမျှချင်လည်း
ဘဂဝန္တ 'အနုသယတော' မှာ
'အမုဒယအမော' တစ်ဇာတ်သိမ်းအောင်
(အခုတော့...) ခပ်စိမ်းစိမ်းနေပဲ့ါမယ်။ ။

## အပိုင်းတစ်

### ၁။

အိပ်ရာမှ ဆတ်ခနဲလန့်အနိုးမှာ ခေါင်းထဲက အုံနေသည်။ နှစ်ဆယ့်ခြောက်နှစ်မြောက် မွေးနေ့ပါလားဟု ရုတ်တရက် အသိဝင်၏ ။ တစ်တီတူးတစ်ကောင်၏ အော်မြည်သံကို ကောင်းစွာသတိထားမိပြန်သည်။ နိမိတ်မကောင်းပါလားဟု ခံစားတွေးလိုက်မိသေး၏ ။

အထီးကျန်ဆန်လှသော တစ်တီတူးတစ်ကောင်ပါလားကွယ်။ အိပ်ရာဘေးစားပွဲပေါ်မှာ မီးခလုတ်ကိုဖွင့်ရန် ရုတ်ခြည်းထလိုက်၏ ။ မီးလင်းလာခိုက် စားပွဲပေါ်မှ နာရီကို ကြည့်လိုက်စဉ် မနက်ငါးနာရီမထိုးသေး၊ ငါးမိနစ်မျှလိုသေးသည်။

မှောင်မိုက်သည့်လမ်းမို့ တစ်တီတူးငှက် မပျံသန်းရဲပါသလား။ မအီမသာ လေးတွဲသောအသံဖြင့် မိမိ၏ အထီးကျန်ဆန်သော ခံစားမှုဝေဒနာကို မပြေအောင် ထပ်မံဖြည့်စွက်ပေးနေပါသလားကွယ်။

တစ်အိမ်လုံး တိတ်ဆိပ်ငြိမ်သက်၊ မိမိတစ်ကိုယ်တည်း ဘာ့ကြောင့် နိုးနေရပြန်ပါသလဲ။

မတ်လ ၁၃ ရက်...၊ အသက်နှစ်ဆယ့်ခြောက်နှစ်ပြည့်ပြီးပြီဖြစ်သော ရီရီဝေ...။ မိမိ မွေးနေ့မို့ မိမိမမေ့သော်လည်း ရင်ထဲမှာ ဟာနေသည်။ ဘယ်အရာကို မျှော်လင့်စရာအဖြစ် မွေးနေ့အသစ်မှာ မျှော်လင့်နိုင်မှာတဲ့လဲကွယ်။ ခေါင်းထဲမှာ နောက်ကျိပြီး အုံနေသည်မှအပ တက်ကြွရွှင်လန်းစရာကို တွေး၍ မရ။

ငယ်ဘဝက မွေးနေ့ပွဲများကိုပြန်ပြီး သတိရ လွမ်းမိပြန်သည်။ ဒက်ဒီနှင့် မာမီတို့ ဦးဆောင်ပြုလုပ်ပေးသော မိမိ မွေးနေ့လေးများသည် ပျော်ရွှင်ကြည်နူးစရာ၊

တက်ကြွပျော်ရွှင်ကြည်နူးစရာနှင့် လှပနေတတ်စမြဲ။

သက်ပြင်းရှည်တစ်ခုကိုချလျက် အိပ်ရာပေါ် ပြန်လှဲနေလိုက်မိသည်။

*

မတ်လ ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့...။

တကယ်ပင် ကံမကောင်းသည့်နေ့ ဖြစ်နေပါသလားကွယ်။ ငယ်စဉ်ဘဝက ဒက်ဒီက သူ့ကို အမြဲစတတ်သည်ပဲလေ။

"အနောက်နိုင်ငံ အယူအဆမှာ ၁၃ ဂဏန်းကလည်း မကောင်းဘူးကွ။ ဗုဒ္ဓဟူးကလည်း သောကရောက်တတ်တယ်လို့ အယူရှိတယ်၊ နေအုံး..အင်္ဂလိပ်လိုကနေ ဆီလျော်အောင် ဒက်ဒီ ဘာသာပြန်မယ်..တနင်္လာမျက်နှာလှ၊ အင်္ဂါက ကျက်သရေထူး၊ ဗုဒ္ဓဟူးမှာတော့ သောကပွေတဲ့"

ဒက်ဒီကလည်း သမီးကမြန်မာပဲ။ အဲဒီ အယူအဆတွေ မရှိပါဘူးဟု သူမ ပြန်ပြောတတ်စမြဲ။ အလကားစတာပါ သမီးရယ်၊ ဒက်ဒီကလည်း ဗဟုသုတအဖြစ် ပြန်ပြောပြတာပါဟု ရယ်မောစွာဖြင့် ပြောလျက် ဒက်ဒီက သူ့နဖူးကို ဖွဖွလေးနမ်းစမြဲ။

ဘာပဲဖြစ်ဖြစ် အငယ်ညီမနှစ်ယောက်ကတော့ ဒက်ဒီဆီက ကဗျာကို အလွတ်ရသွားကြပြီး သူ့ကို စတတ်ပြန်သည်။

"တနင်္လာမျက်နှာလှ၊ အင်္ဂါက ကျက်သရေထူး... ဗုဒ္ဓဟူးမှာတော့ သောကပွေ..."

ညီမငယ်က အော်ပြီးထွက်ပြေးတတ်သည်။ ဟေ့၊ ငါက မြန်မာပဲ၊ ဘာလို့ သောကပွေရမှာလဲဟု သူလှမ်းအော် ကျန်ခဲ့တတ်၏ ။

အယူမသည်းပါဘူး။ သည်အယူအဆတွေကို လက်မခံပါဘူးဟု

စိတ်ထဲက ယုံကြည်နေပါလျက် ဘယ့်အတွက် သည်ကဗျာလေးကို ယခုတိုင် ရနေနိုင်သေးသည်မသိ။ ချစ်သည့်စိတ်ဖြင့် သောကဝေဒနာကို ခံစားလာရပြီးတော့ ရင်ထဲမှာ ကျွမ်းမြိုက်အောင် ပူလောင်ပြီ။ သည်အခါ၌ ကဗျာလေး တစ်ပိုင်းတစ်စကို အမှတ်မထင် သတိတရဖြစ်၏ ။

ဗုဒ္ဓဟူးမှာတော့ သောကပွေ…တဲ့။

ဗုဒ္ဓဟူးသမီး ရီရီဝေ…

ရင်ထဲမှာ အပူသောကဗျာပါဒတွေ ရီရီဝေနေသမို့ ရီရီဝေလို့ သူမကို ခေါ်ကြပါသလားကွယ်…။

တကယ်တမ်းမှာတော့ အပူသည် ဘဝ၏ အစမဟုတ်တော့သဖြင့် စိတ်ပျက်ဖွယ်ရာ၊ အားငယ်စရာများနှင့် အကျွမ်းတဝင် ရှိသင့်ပါပြီလေ။ မရေမရာ မသေချာတဲ့ ရင်ထဲမှာ မျှော်တလင့်လင့် ခံစားကျွမ်းမြိုက်၊ ဝေဒနာကို ပွေ့ပိုက်ထားဖူးခဲ့ပြီပဲ။ တကယ်လည်း…ဘာမှဖြစ်မလာတော့သောအခါ လပ်ဟာသည့် ရင်သည် တံကျင်နှင့် အလျှိုခံရသလို စူးနင့်ခဲ့ရသည်ပဲကွယ်…။

နောက်ထပ်လေးနှစ်၊ နောက်လာမည့်လေးနှစ်ဆိုလျှင် အသက်သုံးဆယ်ပြည့်ပြီဖြစ်သော အပျိုကြီးဘဝ။ သူငယ်ငယ်က အလွန်ကြောက်ရွံ့ခဲ့ဖူးသော စိတ်မကူးဖြစ်ခဲ့ဖူးသော အပျိုကြီးဘဝ မုချမသွေ ရောက်ရတော့ပါလား။

“မဝေက အသက် (၂၆)နှစ်ဆိုပေမယ့် အရမ်းနုတာပဲ”

ဟု ညီမလတ် သီသီမော်က သူ့ကို ပြောခဲ့ဖူးသည်။ မော်မော်က ပြောသော်လည်း သူ့ကိုယ်သူတော့ ကြီးရင့်လာပြီလားဟု တုန်လှုပ်ခြောက်ခြားစွာ ထာဝရ တွေးနေမိစမြဲလေ။

မိမိအသက် ဆယ့်ရှစ်နှစ်မြောက်မွေးနေ့အထိ ပျော်ရွှင်စရာ၊

ကြည်နူးချမ်းမြေ့စရာတို့ကို ခံစားနိုင်တုန်းလေ။

မေမြို့မှာ ခြံနှင့်ဝင်းနှင့်၊ တိုက်နှင့်ကားနှင့် အဆင့်မြင့်စွာဖြင့် မပူမပင် မကြောင့်မကြ နေနိုင်ခဲ့သည့် ဘဝပေပဲ။

လုံးဝမျှော်လင့်ထားခြင်းမရှိပါဘဲ ထောင်ထဲသို့ ဒက်ဒီ ဝင်ခဲ့ရခြင်း၊ ထောင်မှထွက်လာပြီးနောက် နာတာရှည်ရောဂါဖြင့် အိပ်ရာထဲမှာ ဝေဒနာခံစားနေရခြင်းကို လွန်မြောက်၍ ဒက်ဒီသည် တမလွန်ဘဝသို့ ရောက်သွားခဲ့ပါသည်။

သမီးသုံးယောက်နှင့်မာမီသည် လက်ထဲမှာ ငွေမရှိသည့်အခါ ရောင်းချစရာများကို ရောင်းချလျက် သမီးတို့ မျက်နှာမငယ်ရအောင် ထားခဲ့ပါသည်။ များမကြာမီကာလမှာပင် မာမီသည်လည်း စိတ်ကျရောဂါဖြင့် အိပ်ရာထဲ ဗုန်းဗုန်းလဲပြန်သည်။ ပြီးနောက် သမီးသုံးဦးကို လူ့လောကထဲမှာ ထားခဲ့ကာ မျက်နှာလွှဲသွားပြန်တော့၏ ။

ရီရီဝေဆိုသည့် မိန်းကလေးကို သီသီမော်နှင့် ဒါလီဆွေဆိုသော ညီမငယ်နှစ်ဦးနှင့်အတူ ရှေ့ခရီးကို ရန်ဆိုင်ရန် ချန်ထားရစ်ခဲ့ပါသည်။

သည်တုန်းက သူမတက္ကသိုလ်မှ ဘွဲ့ရပြီးစ။ အလတ်မ သီသီမော် စီးပွားရေးတက္ကသိုလ်မှာ တက်နေဆဲ။ အငယ်ဆုံး ဒါလီကတော့ အထက်တန်းကျောင်းမှာပင် ရှိနေသေးသည်။

အားကိုးစရာဟု ရင်မှာယုံကြည်လျှက် ချစ်သူ၏ လက်ကို ဖမ်းဆုပ်ကိုင်ရန် ကြံစည်ခဲ့ဖူးသည်လေ။ တစ်ကျောင်းတည်း တစ်နှစ်တည်းပြီးသည့် ချစ်သူကို အပူမျှဝေလျှက် ဘဝတစ်ခုအတူလျှောက်ရန် ညှိနှိုင်းခဲ့ဖူးသည်။

“ကိုယ်ငွေရှာချင်သေးတယ် ဝေ၊ စီးပွားရေးလုပ်ငန်းတစ်ခုကို လုပ်ကြည့်ချင်သေးတယ်။ ပြီးတော့ ဝေ့ကို ကိုယ်လာတောင်း ရမ်းယူပ့ါမယ်။ ဝေ အေးအေးဆေးဆေး စောင့်နေနော်”

ကျောင်းပြီးတော့ မခွဲခွာခင် ချစ်သူပြောခဲ့သည့် စကား။

နောင်များမှာတော့ စကားကို နှုတ်မှပြောသည်ကို မကြားနိုင်ရတော့ဘဲ တစ်နယ်စီခွဲ၍ နေခဲ့ရသည်။ တဖြည်းဖြည်းနှင့် စာအလာကျဲသည်ဆိုတော့ ခွဲခွာရန်လမ်းစဟု သိလိုက်မိပြန်သည်။

ထိုကြေကွဲစရာဇာတ်လမ်းကို သူ့ညီမတွေ အသေအချာမသိခဲ့။ တရင်းတနှီးသူငယ်ချင်းနှယ် ပေါင်းသင်းခဲ့ကြသော်လည်း ထိုသောကအား ညီမငယ်တို့ရင်၌ ကူးစက်မခံစားစေလိုပါ။

*

သူမဘဝမှာ ထာဝရရှိနေမည့်သူဟု ယုံရဲစွာ အားကိုးခဲ့ဖူးသည့် ချစ်သူ ကျော်စွာထွန်း။

နောက်ဆုံးနှစ်ရောက်မှ အဖြေပေးခဲ့ပြီး ချစ်သူဘဝမှာ တိုတောင်းစွာ ကုန်ဆုံးခဲ့ရသည်ပဲ။ အိပ်မက်တစ်ခုမှန်းလျက် အိမ်မက်တစ်ခုနှယ် လျှင်မြန်ခဲ့သည်ပဲလေ။ မခွဲနိုင် မခွာရက် ချစ်ခဲ့မိသော နေ့ရက်ကလေးများသည် အလျားတိုလွန်းစွာဟု ထင်သည်။

ဘယ်တော့မှ မမေ့ဘူးဆိုသည့် ချစ်သူ့စကား နားထဲမှ နှလုံးသားထိ စွဲငြိစူးဝင်ခဲ့၏ ။ ဘွဲ့ရပြီး ကိုယ့်ရပ်ကိုယ့်ရွာရောက်သည်နှင့် ခွဲခွာခြင်းလမ်းစပေါ် ခြေချမိသည်ဟု ချစ်သူထင်လေသလား မသိ။ အတူရှိခဲ့စဉ်က ပြောခဲ့သည့်စကား၊ ချွဲခဲ့သည်များကို နှလုံးသားက ချက်ချင်းဖယ်ထုတ် မရနိုင်ခြင်းအတွက် မိမိကိုယ်ကို မိမိလိပ်ပြာငယ်၍ ရှက်ရွံ့ချင်သည်။

ချစ်သူထံမှ ဘာသတင်းအစမရဘဲ ခွဲခွာစွန့်သွား၊ စိမ်းကားပြီဟု သိရစဉ် ရင်သည် ဘလောင်ဆူ၏ ။ လူကိုယ်တိုင် မလိုက်နိုင်သဖြင့် စာအစောင်စောင်ထည့်ကာ ဆက်သွယ်ပါသေးသည်။ ဘာမှ ထူးခြားမလာ။

ခွဲသွားခါစ ဘဝမှာ သူမရှိလျှင် ငြီးငွေ့ခြောက်သွေ့စရာဟု ထင်ခဲ့၏ ။ အတူရှိစဉ်က အကြင်နာတရား နှလုံးသားကို နွေးထွေးစေနိုင်သည့် အရာများဟုထင်လျှက် လွမ်းဆွတ်ကြေကွဲသည်။ ကြာလာတော့ နွေးထွေးမှုများ လျော့ပါးပျက်ပြယ်စပြုပြီ။ ဘာမှ အကျိုးအကြောင်းမသိရဘဲ ခွဲသွားသည့် ချစ်သူအား နှလုံးသားထဲက နာကျည်းလျက် မကျေမနပ်ဖြင့် အခံခက်သည်။

ခွဲခဲ့ကြသည်မှာ ယခုဆိုလျှင် ငါးနှစ်ပင် ရှိပေတော့မည်။

ညီမအငယ်ဆုံး ဒါလီ၏ စကားကို နားမှပြန်၍ ကြားယောင်လာ၏ ။

ယောကျ်ားဟူသည် မိန်းမတို့၏ နှလုံးသားကို ခွဲခွာတန်သော သူများ မဟုတ်ပါလေ.....တဲ့။

*

မိမိဘွဲ့ရပြီး နောက်တစ်နှစ်မှာပင် အလတ်မ သီသီမော် စီးပွားရေးတက္ကသိုလ်မှ ဘွဲ့ရ၏ ။

ဘာကိုမဆို လက်တွေ့ကျကျ အကောင်အထည်ဖော်လုပ်ဆောင်တတ်သော ညီမလတ် မော်မော်သည် ဘွဲ့ရသည်နှင့် ကိုဝင်းထိုက်အား အိမ်ထောင်ပြုရန် ပူဆာတော့သည်။ ကိုဝင်းထိုက်သည် ချမ်းသာကြွယ်ဝသော မိုးကုတ်သားဖြစ်ပြီး၊ ရန်ကုန်မှာ အင်ဂျင်နီယာ အလုပ်ဝင်စ။ ကိုးမိုင်ခွဲမှာ ခြံနှင့်ဝင်းနှင့်ဝယ်ပြီး မော်မော်ကို လက်ထပ်ကာ အတူနေနိုင်ခဲ့သည်။ မြတ်နိုးတွယ်တာရသည့် ချစ်သူမဟုတ်သော်လည်း အားကိုးရမည့်သူအဖြစ် အသိအမှတ်ပြုကာ များစွာသော ချစ်ရေးဆိုသူတို့အနက်မှ မော်မော်က ကိုဝင်းထိုက်ကို ရွေးခဲ့သည်။

မော်မော်က ယောကျ်ားယူတယ်ဆိုတာ မိန်းမတစ်ဦး၏ ဘဝလုံခြုံရေးသည် အဓိကကျတယ်ဟု ပြောခဲ့ဖူးသည်ပဲ။ ကိုဝင်းထိုက်ကလွဲလျှင် တခြားတွဲခဲ့ဖူးသည်လည်း မရှိ၊ ရင်ထဲက ချစ်မိသူ ရှိချင်ရှိမည်။ သို့တိုင်လျှက်

မည်သည့်အခါမှ မဖွင့်အန်ခဲ့စဖူး။ ကိုဝင်းထိုက်ကို အဖြေပေးပြီး ကာလအနည်းငယ်အကြာမှာပင် လက်ထပ်ယူလျက် သူမဘဝလုံခြုံရေးကိုသာ ဖန်တီးသည်လေ။

"ဒါလီကလည်း ဘွဲ့ရဖို့ နောင်နှစ်နှစ်လောက်လိုသေးတယ်၊ သူကလဲ မန္တလေးဆောင်မှာနေ၊ မဝေက မေမြို့၊ မော်မော်က ရန်ကုန်မှာ၊ တစ်ယောက်တစ်ခြားစီ မဖြစ်သင့်ပါဘူး။ မေမြို့က ပစ္စည်းတွေထုခွဲပြီး ရန်ကုန်မှာပဲ အတူတကွ နေကြတာပေါ့ မဝေရာ"

မော်မော်ကပဲ ဦးဆောင်လျက် အစစအရာရာကို စီစဉ်သည်။ မေမြို့မှ တိုက်ကိုရောင်းသည်။ ပြီးတော့ သူ့ကိုပါ ရန်ကုန်လိုက်နေစေသည်။ ညီမငယ် ဒါလီကတော့ ကျောင်းပိတ်မှပင် ရန်ကုန်ပြန်လာတတ်သည်။ တစ်နှစ်၊ နှစ်နှစ်နဲ့ ကျောင်းတွေ ဘာတွေလဲ ပြောင်းမနေတော့ပါဘူးဆိုကာ မန္တလေးမှာပင် ဆက်တက်ဖြစ်၏ ။

ကြည့်စမ်း...သည်နှစ် ကျောင်းပိတ်ပြီးလျှင် ဒါလီပင် အသက်နှစ်ဆယ့်တစ်ရှိပြီး ဘွဲ့တစ်ခုကို ရတော့မှာပါလား။

ယောကျ်ားဟူသည် မိန်းမသားတို့၏ အသည်းကိုခွဲရန် မတန်သူများဟု ကြွေးကြော်တတ်သူ ဒါလီသည် ညီမသုံးယောက်ထဲမှာ အချောဆုံး ဖြစ်၏ ။ ဒါလီကို ဆွဲဆောင်မှုရှိပြီး လှပလွန်းသူဟု ယောကျ်ားများက မှတ်ချက်ပေးတတ်သည်ပဲ။ ဒါလီကလည်း အစဉ်သဖြင့် မြူထူးရွှင်လန်းစွာ နေထိုင်လျက် လူ့ဘဝကို ဘာအခက်အခဲ ရှိသည်ဖြစ်စေ၊ အကောင်းဘက်မှ မြင်ကာတွေးကာ ထာဝရ ပျော်ရွှင်နေသူပါပဲလေ။ သည်အသက်သည်အရွယ် ရောက်ပြီး ရည်းစားပေါင်းမြောက်မြားစွာ ထားခဲ့သော်လည်း ဒါလီသည် ကြေကွဲသောက တစ်ခါမှ ရောက်ရဟန်မတူ။ ချစ်ဇာတ်လမ်းများ၏ ခါးသီးမှုကို ဘယ်တော့မှ မခံစားရတော့သလို အတွဲတွေ တစ်ယောက်ပြီးတစ်ယောက် ပြောင်းနေတတ်သူပင်။

အသည်းမှာ၍ ခံစားမှုကင်းနေပြီလားမသိ။ သူမ အိမ်ထောင်ပြုလျှင်လည်း ငွေကြေးအတွက် သက်သက်သာသာ ဖြစ်စေရမည်ဟု အစ်မများအား ပွင့်လင်းစွာ ပြောပြတတ်ခဲ့သည်ပဲလေ။

ချစ်မိသောကြောင့် နှလုံးသားကြေကွဲကျမ်းမြိုက်ရသည်ဆိုသော အဖြစ်မျိုးနှင့် တစ်စုံတစ်ဦးအား စွန့်စွန့်စားစား မချစ်နိုင်ပါဟုလည်း ပြောခဲ့ပြန်သည်လေ။

ညီမသုံးယောက်လုံး တစ်ဦးနှင့်တစ်ဦး မတူညီကြပါလားဟု စဉ်းစားလိုက်မိပြန်သည်။

မိမိ၏ နှလုံးသားမှာ ထိခိုက်ခံစားလွယ်ပြီး နာကြည်းမိလျှင် ထာဝရချစ်မိစဉ်ကလည်း အစွန်းကျအောင် နင့်သီးစွာ ချစ်တတ်ခဲ့သူပါလေ။

မော်မော်ကျတော့ ထိန်းသိမ်းချုပ်တည်းမှုတွေ များလွန်းပြီး ဦးဆောင်သော အစွမ်းအစရှိသူပင်။ အချစ်နှင့်ဘဝကို မရောထွေးပဲ သက်သက်ခွဲခြားတတ်သူ။ ဒါလီကဲ့သို့ ရည်းစားတွေ တစ်ယောက်ပြီးတစ်ယောက် ပြောင်းလျက် ဆတ်ကော့လတ်ကော့ မနေတတ် မထိုင်တတ်ပေမယ့် ဦးနှောက်ကိုသာ ဦးစားပေးပြီး လက်တွေ့ကျကျ ဆောင်ရွက်တတ်ပြန်၏ ။ ဘာကိုမျှ နက်နက်နဲနဲ မခံစားဘဲ စိုးရိမ်ပူပန်မှု လွန်ကဲခြင်းကို မလိုလားတတ်သော မော်မော်ပင်။

ညီမသုံးဦး၏ စိတ်ချင်းမတူသည့်အဖြစ်ကို မဝေက စဉ်းစားလျက် မျက်စိကို ပိတ်ထားလိုက်သည်။

*

(၂)

'တစ်...တီ...တူး'

အတွေးများဖြင့် ယောက်ယက်ခတ်လျက်ရှိစဉ်မှာပင် တစ်တီတူးက ထအော်ပြန်၏။ မိုးလင်းလိုပြီဖြစ်လျက် သည်ငှက်က ဘာ့ကြောင့် အော်မြည်နေရတုန်း ဖြစ်ပါသလဲ။ မိမိ၏ မွေးနေ့ကို မင်္ဂလာရှိစွာ ကောင်းချီးဩဘာပြုသင့်ပါလျက် အတိတ်ဆိုးဟု ယူဆရသော သည်ငှက်က မုန်းလောက်အောင်ပင် အော်မြည်နေဆဲပါလား

ဆက်လက်သည်းမခံနိုင်တော့ဘဲ အိပ်ရာမှ လူးလဲထလိုက်သည်။ ပြတင်းဝဆီသွားပြီး ပန်းရောင်လိုက်ကာစကို ဖယ်ရှားလိုက်၏။

နွေမနက်ခင်းပါလားကွယ်...

သို့တိုင်လျက် ခြံထဲမှာ နှင်းကြွင်းလေးတွေ ဝေ့နေဆဲပင်။ မှုန်ရီမှုန်ဝါအရာရာသည် မပြတ်သားသေးသော မနက်စောစောလေ။

မှန်တင်ခုံရှိရာသို့ လျှောက်လာပြီး မှန်ရှေ့မှာ ရပ်လိုက်သည်။

"ဩော်-နှစ်ဆယ့်ခြောက်နှစ်တောင် ပြည့်ပြီပဲ"

မှန်ထဲက သူမကိုယ်ကို သူမ စူးစိုက်ကြည့်လျက် မဝေက နှုတ်မှ တီးတိုးရေရွက်လိုက်မိသည်။

လက်တစ်ဖက်ကို စက်ရုပ်သဖွယ် ဆန့်ထုတ်လိုက်ပြီး ရှုပ်ထွေးနေသော ဆံပင်ထုတွင်းသွင်းကာ သပ်ချနေလိုက်မိ၏။ ရီရီဝေသည် ကေသာအလှဖြင့် ကျောင်းတုန်းက ထင်ရှားခဲ့သူပဲဟု တွေးမိပြန်သည်။ အနက်ရောင်ဆံထုံး ဖားလျားချလျက် ကျောထက်မှ ဖြာကျဝေ့ဝဲနေခဲ့သူပါလား။

မျက်လုံးအစုံမှာ ဝန်းနက်စိုလျက် ညို့ဓာတ်အပြည့်ရှိသူဟု ယောကျ်ားလေးတွေက ဆိုခဲ့ဖူးသည်ပဲ။ သွယ်လျလျခန္ဓာကိုယ်သည် သူမအရပ်နှင့်

လိုက်လျောစွာပင် ရှိနေသေးသည်ပဲလေ။

မျက်လုံးတောက်တောက်ကလေးနှင့် အောက်နှုတ်ခမ်းတွဲတွဲစိုကို နှစ်လိုမက်မော်ဖွယ်ရာဟု ရည်းစားစာပေါင်းများစွာမှာ ဖတ်ခဲ့ရဖူးသော်လည်း ရင်ထဲက မတုန်မလှုပ်။

ထူထဲမည်းနက်သော မျက်ခုံးကို ထာဝရစွဲလမ်းပြီး မြင်ယောင်နေမိပါသည်ဟု ကျော်စွာထွန်းက ပြောသည့်စကား၊ ဘယ်အချိန်မဆို သူကြားယောင်စကပင် ကျော်စွာထွန်းအား သူပြန်ချစ်မိပြီဟု နားလည်ခဲ့သည်ပဲလေ။

ထိုစကား၊ ထိုအချွဲတို့က အခုလို ရုတ်တရက်ကြီး ခွဲခွာသွားဖို့အတွက် နိဒါန်းစခြင်းဟု မထင်ခဲ့မိပါ။ ရုံဖန်ရံခါတော့လည်း သူသေသွားတာများလားဟု စဉ်းစားနေမိသေးသည်။ အသက်ထင်ရှားနှင့် အဆက်အသွယ်ဖြတ်သွားမည့်အစား သူသေသွားလေလျှင် ပို၍ လွမ်းစရာ ဖြစ်လေမည်ဟု တွေးမိသေးသည်။ စိတ်၏ ဖြေရာ ရနိုင်သေးသည်ဟု ထင်မိသေး၏ ။

မေမြို့မပြောင်းမီ ကာလတွေတုန်းက စိတ်ပြေလက်ပြောက် မန္တလေးဆင်းမိလျှင် သူငယ်ချင်းတွေက ကျော်စွာထွန်းရော ဘယ်မှာလဲဟု မေးတော့ ပျက်ချင်ချင် မျက်နှာကို ထိန်းရသည်မှာ အခက်ဆုံး။ ပင်ပန်းကြီးစွာ ပြန်လည့်ပြုံးပြနိုင်အောင် ကြိုးစားရသည်။ သူ့အိမ်မှာပဲဟု ရင်ထဲက နာကြည်းစွာဖြင့် ပြောခဲ့သည်လေ။

"လက်မထပ်ကြသေးဘူးလား"

ဒီလိုမေးလျှင်တော့ အင်း..ဖြေးဖြေးပေါ့ဟု ပြောသာပြောရသည်။ စိတ်ထဲကမချိ၊ ဘယ်မှာရှိနေမှန်း မသိတော့သော ချစ်သူကို စိတ်ထဲက နာကြည်းပြန်သည်။ မေမြို့မှ ရန်ကုန်ပြောင်းလာပြီး မော်မော်နှင့်အတူ လိုက်နေမိကတည်းက နေသားတကျလိုတော့ ဖြစ်ခဲ့ပြီပဲ။

မေ့နိုင်စွမ်းပြီဟု ယုံမိလျက် မွေးနေ့မှာ ဘယ့်အတွက် အမှတ်ထင်ထင်

ရှိနေရပြန်သည်ကို ဘာသာမကျေနပ်။

ကျော်စွာထွန်းနှင့်အတူရှိခဲ့သည့် မွေးနေ့က နှင်းဆီပန်းအနီတစ်စည်း၊ 'အချစ်များစွာဖြင့်' ဆိုတဲ့ စာတန်းကလေးထိုးပြီး လာပေးခဲ့တာ အလိုလို မြင်ယောင်လာပြန်သည်။

မှန်ရှေ့ကခွာလျက် ပြတင်းမှ အပြင်ကိုလှမ်းအကြည့် အလင်းရောင်ကို မြင်ရပြီလေ။

အခန်းမီးကို ပိတ်ပြီး အောက်ထပ်ကို ဆင်းလာခဲ့သည်။

*

ရေချိုးခန်းမှပြန်အထွက် မီးဖိုခန်းဘက်ကို လှမ်းအကြည့်မှာ မော်မော်တစ်ယောက်တည်း အလုပ်ရှုပ်နေသည်ကို လှမ်းမြင်သည်။

"နိုးပြီလား မဝေ"

ညီမ မော်မော်က သူ့ကို လှမ်းကြည့်ရင်း မေးသည်။

"ဒီနေ့ ငါ့မွေးနေ့လေ စောစောနိုးတာနဲ့ ပြန်အိပ်မရတာ "

"ဟာ..ဟုတ်တာပဲ၊ မဝေ မွေးနေ့ကိုတောင် သတိမရဖြစ်ဘူး၊ ဒီနေ့ ကိုဝင်းထိုက်က အပြင်စောစောသွားမယ်ပြောလို့ မီးဖိုချောင် စောစောဝင်နေရတာလေ"

"ပြီးတော့ ငါလာကူပေးမယ်"

ပြောလျက် အပေါ်ထပ်အခန်းရှိရာသို့ တက်ခဲ့သည်။ ညီမမော်မော်က အိမ်ထဲမှာ အိမ်ဖော်မထား၊ မီးဖိုချောင်ကို သူကိုယ်တိုင်ဦးစီးလုပ်ကိုင်ခဲ့သည်။ သည်တော့ မော်မော့်ကို မီးဖိုချောင်အလုပ်ကူညီပေးရခြင်းနှင့် အိမ်သန့်ရှင်းရေးကအစ ဘုရားပန်းလဲခြင်းအထိ သူကလည်း ဝင်လုပ်ရသည်။ နောက်ပိုင်းမှာ မော်မော်က စိန်ပွဲစားအလုပ်လုပ်သေးသည်။ မော်မော်

အလုပ်လုပ်ချိန်မှစပြီး ချက်ပြုတ်၊ လျှော်ဖွပ်၊ အိမ်သန့်ရှင်းရေးအားလုံးသည် သူ့တာဝန်ဖြစ်လာသည်။

သည်မနက် မီးဖိုချောင်ဝင်ရမှာကို သူစိတ်ပျက်နေချင်သည်။ ဒက်ဒီတို့ မာမီတို့ရှိစဉ်က မနက်ခင်းမီးဖိုချောင် ဝင်လိုက်သည်နှင့် သူ့အတွက် မွှေးနေ့ကိတ်အကြီးကြီးတစ်လုံးကို မိသားစုထမင်းစားပွဲပေါ်မှာ တွေ့ရသည်။ ပြန်သတိရနေချင်၏ ။ ဘွဲ့တစ်ခုရထားပြီး မိန်းမတစ်ယောက် အိမ်အလုပ်ထဲမှာပင် သည်လိုနှင့် နှစ်မြှုပ်အချိန်ကုန်တော့မှာလားဟု စဉ်းစားလျက် တစ်ခါတစ်ခါ အားငယ်ချင်သည်။ အစိုးရအလုပ် တစ်ခုခုလုပ်ချင်သည်ဟု တိုင်ပင်ကြစဉ် မော်မော်က သဘောမတူ။

"မဝေ ရှိရင် အိမ်အလုပ်တွေအားလုံး ဘယ်လိုစိတ်ချရမှာလဲ၊ ပြီးတော့ အိမ်ငှားထားတာက လွယ်ပါတယ်။ အိမ်ကိုစိတ်မချရမှာ စိုးရိမ်တာ"

ဟု မော်မော်က ကန့်ကွက်သည်။ မော်မော်ရော ဒါလီပါ ညီမနှစ်ယောက်လုံးက သူ့ကို 'မဝေ'ဟုပင်ခေါ်၏ ။ အစကတော့ မမဝေဟုခေါ်ရင်း အမြန်ခေါ်ရင်း မဝေ ဖြစ်သွားကြသည်။

"မဝေရယ်...မဝေ အိမ်ထောင်ကျရင်လည်း အိမ်ကိုထိန်း အလုပ်ပဲလုပ်ပါ၊ အလုပ်ဝင်တော့ရော ဘယ်လောက်ရမှာ မို့လို့လဲ"

ဟု မော်မော်က ဆက်ပြောစမြဲ။

သည်လိုနှင့် နောက်ဆုံးမှာတော့ သူသည်အိမ်က မခွာနိုင်ဘဲ အိမ်မှုတွေနှင့်သာ ချာချာလည်နေတော့၏ ။

အောက်ထပ်ပြန်ဆင်းလာပြီး မီးဖိုချောင်နှင့်တွဲလျက် ထမင်းစားခန်းထဲရောက်တော့ ကိုဝင်းထိုက်ရော မော်မော်ပါ ကော်ဖီသောက်နေကြပြီ။

“လာ..မဝေ ကော်ဖီဖျော်ထားပြီးပြီ”

ဟု မော်မော်က လှမ်းပြော၏ ။

မော်မော်ဘေးက ကုလားထိုင်မှာ ဝင်ထိုင်လျက် ကော်ဖီကရားကို လှမ်းယူသည်။

“ဒီနေ့ မဝေ မွေးနေ့ဆို”

ကော်ဖီပန်းကန်ကို စားပွဲပေါ်ပြန်ချရင်း ကိုဝင်းထိုက်က လှမ်းမေးသည်။

“ဟုတ်တယ် ကိုဝင်းထိုက်ရဲ့၊ မဝေ မွေးနေ့လေ”

ပန်းကန်ထဲသို့ ကော်ဖီငှဲ့ထည့်ရင်း ပြန်ဖြေလိုက်သည်။

“စောစောက ပြောပါလားဗျာ၊ လက်ဆောင်လေး ဘာလေး ပေးရတာပေါ့”

ကိုဝင်းထိုက်က ရယ်ပြောပြောသည်။ ပြီးတော့ လက်ကိုင်သုတ်ပုဝါဖြင့် ပါးစပ်သုတ်နေ၏ ။

“ဒက်ဒီတို့ရှိတုန်းကတော့ မွေးနေ့ပွဲအမြဲလုပ်ပေးတယ်။ မော်မော့်ကို မေးကြည့်ပါလား ကိုဝင်းထိုက်”

သူက လှမ်းပြော၏ ။

“စိတ်မကောင်းမဖြစ်ပါနဲ့ မဝေရာ၊ ဒီနေ့လဲ ကိုဝင်းထိုက်ပြန်လာရင် မဝေအတွက် လက်ဆောင်ပါလာမှာပါ။”

ဟု ရယ်မောလျက် မော်မော်ကပြောတော့ မော်မော့်ကို နားမလည်သလို ကြည့်လိုက်မိသည်။

“ဘာလဲ မော်မော်”

“ဟုတ်တယ် မဟုတ်လား ကိုဝင်းထိုက်၊ မဝေကို ပြောပြလိုက်ပါဦး”

“ဘာလဲ…မဝေ မသိဘူးလား၊ ဟုတ်သားပဲ မဝေ မွေးနေ့နဲ့ တိုက်တိုက်ဆိုင်ဆိုင်ပါပဲ”

သူတို့နှစ်ဦးရယ်လျက်ပြောနေကြသည်ကို နားမလည်။

“ဒီလို မဝေရယ်..ဒီနေ့ ကိုဝင်းထိုက် သူငယ်ချင်းတစ်ယောက် ဒီအိမ်ကို ပြောင်းလာလိမ့်မယ်၊ အလုပ်နဲ့ နယ်ကပြောင်းလာတာ၊ ကိုဝင်းထိုက် အရမ်းခင်တဲ့ သူငယ်ချင်းဆိုတော့ သူက ဒီမှာပဲလာနေလို့ ခေါ်ခဲ့တာတဲ့။ သူကလည်း လူပျိုကြီးပဲလေ၊ မိဘက အရမ်းချမ်းသာတယ် ပြောတယ်၊ ဒါကြောင့် မဝေဖို့ လက်ဆောင်ပါလာမယ် ပြောတာ”

မော်မော်က သူ့ကို ရှင်းပြလိုက်သည်။

“တော်ပါတော့..မော်မော်ရယ်၊ နေပါအုံး ဒါဆို အခန်းတွေ ဘာတွေကော ရှင်းပြီးကြပြီလား”

ဟု သူ့စကားကို လွှဲလိုက်သည်။

“ဒီမနက်စောစော ရုံးမတက်ခင် သူနဲ့တွေ့ဖို့ ချိန်းထားတာ၊ ဒါကြောင့် စောစောသွားမလို့လေ၊ သူနဲ့တွေ့မှ ဘယ်အချိန် ပြောင်းလာမယ်ဆိုတာ သိရမယ်” ကိုဝင်းထိုက်က လှမ်းပြောလိုက်သည်။

“ရပါတယ် ဒီနေ့ မော်မော်လည်း အပြင်ထွက်စရာမရှိဘူး။ အောက်ထပ်ဧည့်ခန်းဘေးက အခန်းကို ပြင်ထားပေးမယ်လေ၊ ညီမနှစ်ယောက်လုပ်လိုက် ခဏလေးပါ။ ကြိုက်တဲ့အချိန်သာ လာခဲ့ရပါတယ်။

ဟု မော်မော်က ပြောလိုက်သည်။ မဝေက ဘာမှ ဝင်မပြောတော့။ သောက်ပြီးသား ကော်ဖီပန်းကန်တွေကို လှမ်းယူပြီး ဆေးကြောရန် ပြင်တော့၏ ။

“မင်္ဂလာရှိ မရှိတော့ မသိဘူး။ လူတစ်ယောက် စာပိုပြီး ချက်ရပြုတ်ရ လျှော်ရဖွပ်ရမှာတော့ သေချာနေပြီ”

လှည့်မကြည့်ဘဲ လှမ်းပြောလိုက်စဉ် မော်မော်၏ ရယ်သံကို ကြားလိုက်ရသည်။

*

မီးဖိုချောင်မှာ သူချက်ပြုတ်ပြီးစီးလို့ အပြင်ထွက်လိုက်တော့ အခန်းကို ဖွင့်ပြီး စိတ်ပျက်စွာကြည့်နေသော မော်မော့်ကိုတွေ့ရ၏ ။

"ဘယ်ကစပြီး ရှင်းရမလည်း မသိဘူး မဝေရယ်၊ အခန်းက ရှုပ်နေတာပဲ" ဟု ညည်းပြသည်။

"အားလုံး ချက်ပြုတ်ပြီးသွားပြီ၊ နှစ်ယောက်ရှင်းလိုက်ကြတာပေ့ါ"

ဟု မော်မော့်ကိုမကြည့်ဘဲ အခန်းထဲ လှမ်းကြည့်ရင်း ပြောလိုက်သည်။

"အေးလေ..ရှင်းမပြီးခင် ရောက်လာကြရင်လဲ ဘယ်တတ်နိုင်မလဲ၊ ဧည့်ခန်းထဲမှာပဲ နေပါစေပေ့ါ" ဟုမော်မော်က ပြော၏ ။

"ငါထင်တာတော့ ညနေရုံးဆင်းမှပဲ သူတို့လာကြတော့မယ် ထင်ပါတယ်"

မဝေက သူ့အထင်ကို ပြောလိုက်သည်။

"ကိုဝင်းထိုက်က နေ့လည်ရောက်ချင်ရောက်လာမယ်။ ရောက်လာရင် ဒီမှာပဲ နေ့လယ်စာစားချင်စားမယ် ပြောသွားလို့"

ဟု မော်မော်က ရှင်းပြနေ၏ ။

မော်မော့်ကို ဘာမှပြန်မပြောတော့ဘဲ အခန်းကို စရှင်းရန် အခန်းထဲသို့ ဝင်လိုက်သည်။

စင်စစ် မော်မော်သည် ညွှန်ကြားတတ်သူသာဖြစ်လျက် လက်တွေ့ အကောင်အထည်ဖော် ပြုလုပ်ပေးရန် မဝေ လိုအပ်မှန်းသိနေသည်ပဲလေ။

*

(၃)

အခန်းကို ပြင်ဆင်ပြီး ခဏနား၏ ။

ပြီးတော့ ညနေစာအတွက် မီးဖိုချောင်တန်းဝင်သည်။ အိမ်ရှေ့မှ ကားရပ်သံကို မကြားလိုက်မိ။ ဧည့်ခန်းထဲရောက်မှ ဆူညံဆူညံနှင့် ကိုဝင်းထိုက်၏ လှမ်းအော်သံကို ကြားရသည်။ ခဏအကြာမှာ မော်မော့်၏ အသံကိုပါ ကြားရပြန်သည်။ ကိုဝင်းထိုက် မိတ်ဆက်ပေးသံ၊ မော်မော်က ထိုင်ပါဦးဟု ပြောသံများကိုပါ ကြားသို့ တင်ထားလိုက်စဉ် မော်မော် ရောက်လာ၏ ။

"ဒီမှာ..မော်မော်...သံပရာရည် နှစ်ခွက်"

"မဝေကလေ..သိပ်အလိုက်သိတာပဲ၊ မော်မော်က ဖျော်ပေးပါ ပြောမလို့"

မော်မော်က မဝေ၏ ပခုံးပေါ်သို့ လက်တင်၍ ဖက်ရင်း ပြောလိုက်၏ ။

"ကဲ..ယူသွားပါ မော်မော်ရယ်။ ငါ့ညီမ ဘာလုပ်ပေးစမ်းပါဆိုတာကို မဝေကြိုသိနေပြီးသားပါ"

"ဒါ့ကြောင့် မဝေ မရှိရင် ဒီအိမ်မှာ မဖြစ်ပါဘူးလို့ ပြောတာမဟုတ်ဘူးလား"

ပြောရင်း သံပရာရည်ဖန်ခွက်နှစ်ခွက်ကို ယူပြီး အပြင်ထွက်သွားသည်။

ဧည့်ခန်းထဲမှာ ကိုဝင်းထိုက်နှင့် သူ့သူငယ်ချင်း ကိုရန်နိုင်တို့ ထိုင်ပြီး စကားပြောနေသည်ကို တွေ့၏ ။

"သောက်လိုက်ပါဦး သံပရာရည်"

စားပွဲပုလေးပေါ် တင်ပေးလိုက်ပြီး ကိုဝင်းထိုက်ဘေးမှာ ဝင်ထိုင်လိုက်သည်။

"မဝေ ရှိလား မော်၊ မဝေကိုခေါ်လိုက်ပါဦး၊ ကိုရန်နိုင်နဲ့

မိတ်ဆက်ပေးရအောင်”

“ရှိတယ်၊ ကိုဝင်းထိုက်၊ မော်မော် သွားခေါ်လိုက်မယ်” စကားသံတွေကို မီးဖိုထဲက ကြားနေရသည်။ ဒန့်သလွန်သီးကို ဓားနှင့်ခြစ်လျက် ပိုင်းနေရင်းက သက်ပြင်းချလျက် လက်ဆေးလိုက်သည်။

ကိုယ့်ဟာကို ဧည့်ခံနေကြလည်း ပြီးတာပဲဟာ၊ အလုပ်များပါတယ်ဟု စိတ်ထဲကပြောနေခိုက် မော်မော် ရောက်လာ၏။

“မဝေ ကိုဝင်းထိုက်က မိတ်ဆက်ပေးချင်လို့တဲ့”

သုတ်လက်စ လုက်ကိုင်ပုဝါကိုကိုင်ရင်း မော်မော်နှင့် အတူထွက်ခဲ့၏။ ဧည့်ခန်းထောင့်မှာ သေတ္တာအပြားအကြီးကြီး အပြာတစ်လုံးနှင့် သားရေအိတ်ငယ်တစ်လုံးကို အလျင်လှမ်းမြင်ရသည်။ အကြည့်ကို ရွှေ့လိုက်၏။ မီးဖိုဘက်မှ ကျောပေးထိုင်နေသော ဆံပင်မတိုမရှည်နှင့် ဧည့်သည်ကိုစတွေ့၏။ စီးကရက်မီးခိုးတွေကို လှမ်းမြင်နေရစဉ် ဧည့်သည်က ဆေးလိပ်သောက်တာပဲဟု သတိထားလိုက်မိသည်။

“လာ…မဝေ၊ ထိုင်”

မော်မော်က ကိုဝင်းထိုက်ဘေးမှာ သွားထိုင်သည်။ မော်မော်နှင့် ဧည့်သည်ကြား ထိပ်ကကုလားထိုင်မှာ မဝေက ထိုင်လိုက်၏။

“ရန်နိုင် ဒါမော်မော့်ရဲ့အစ်မအရင်း၊ ရီရီဝေတဲ့၊ တို့ကတော့ မဝေလို့ပဲ ခေါ်တယ်။ မင်းလည်း မဝေလို့ပဲ ခေါ်နိုင်ပါတယ်။ မန္တလေးက မြန်မာစာနဲ့ ဘွဲ့ရတာလေ၊ အခုတော့ တို့အိမ်ရဲ့ အိမ်ထောင်ထိန်းသိမ်း၊ ချက်ပြုတ်လျှော်ဖွပ် တာဝန်ယူတားတယ်”

စကားကို ခဏတဖြတ် ပြုံးပြီး ဧည့်သည်ကိုကြည့်မိစဉ် သူ့ကိုပြုံးလျက် ခေါင်းညိတ်ပြသည်ကို တွေ့ရ၏။

“မဝေ၊ ဒါက ရန်နိုင်၊ ကျွန်တော်နဲ့ အရင်းနှီးဆုံး သူငယ်ချင်းပဲ၊ အခုမှ နယ်က ရုံးချုပ်ကို ပြောင်းလာတာလေ”

“ဟုတ်ကဲ့…ကျွန်တော် ရန်နိုင်ပါ”

ကိုယ်ကို ကိုင်းညွတ်ပြီး ပြောလိုက်သော အသံကြောင့် ရင်ထဲမှာ တုန်ယင်သွားသလို ခံစားလိုက်ရ၏။ ကြည့်စမ်း..ကျော့စွာ့အသံနဲ့ ဘယ်လောက်ဆင်လိုက်ပါသလဲကွယ်ဟု ဘာသာ စဉ်းစားမိသည်။ အယောင်ယောင်အမှားမှားနှင့် ပြုံးပြခေါင်းညိတ်လိုက်မိရင်း လက်တွင်းက လက်သုတ်ပါဝါဖြင့် လက်တွေကို သုတ်နေမိပြန်၏။

“ကဲ..စကားပြောကြပါဦး၊ ဟင်းချက်နေရင်း တန်းလန်းဖြစ်နေလို့နော်”

“ဟုတ်ကဲ့…ရပါတယ်ခင်ဗျ”

ပြောစဉ် ကိုယ်ကိုရှေ့သို့ကိုင်းညွတ်ပြောလိုက်သော ရန်နိုင်ကို တွေ့၏။

“မဝေ ဟင်းချက်သိပ်တော်တာ၊ မင်းဒီည မဝေလက်ရာ တွေ့ရမယ်” ဟုပြုံးပြီး ကိုဝင်းထိုက်က ပြန်ပြောသည်။

ဘာမှမပြောဘဲ ဧည့်ခန်းအတွင်းမှ ပြန်အထွက် သေတ္တာနှစ်လုံးကို လှမ်းမြင်ပြီး..

“ကိုဝင်းထိုက် ဒီသေတ္တာတွေကို အခန်းထဲ ထည့်ထားလိုက်မယ်” ပြောပြီး သေတ္တာဆီကို သူလျှောက်သွား၏။

“ဟာ..ရတယ် မဝေ၊ သေတ္တာအကြီးက လေးတယ်ဗျ”

ဧည့်ခန်းထဲမှ အော်ပြောပြီး သူ့ဘေးရောက်လာသော ရန်နိုင်ကို တွေ့လိုက်ရသည်။ မဝေကတော့ အမြင်မတော်ရင် မနေတတ်ဘူးဟု ကိုဝင်းထိုက်က လှမ်းပြောသည်။

“ရပါတယ် အောက်မှာ ဘီးပါတာပဲ တွန်းသွားလိုက်မယ်”

“နေ..နေ..မဝေ၊ ကျွန်တော် သယ်လိုက်မယ်”

ပြောပြီး သေတ္တာကြီးကို ရန်နိုင်က မလိုက်သည်။ ကျန်လက်တစ်ဖက်က သားရေအိတ်ကို ဆွဲယူလိုက်ပြန်သည်။

“ပေး..ပေး..အိတ်ကလေး မဝေကိုပေး”

“ရတယ်ဗျ”

ဆက်မပြောတော့ဘဲ ရှေ့ကလျှောက်သွားပြီး အခန်းတံခါး ဖွင့်ပေးလိုက်၏ ။ ရန်နိုင်က သေတ္တာတွေကို အခန်းထဲ သယ်ဝင်သွား၏ ။

ထိုစဉ် အခန်းရှေ့မှ လှည့်ထွက်ခဲ့ကာ မီးဖိုထဲသို့ တန်းဝင်လိုက်သည်။ ခဏအကြာမှာ ဧည့်ခန်းမှ ရန်နိုင့်အသံကိုပါ ပြန်ကြားနေရတော့၏ ။

*